
# ISP-MYANMAR
www.ISPMyanmar.com

# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)

တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ
(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

### တိုက်ပွဲဖြစ်ပွားမှု၊ အရပ်သားသေဆုံးမှုနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ၊ တိုက်ပွဲများကြောင့် အရပ်သား သေဆုံးရမှုများနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ (စစ်ကောင်စီက အာဏာသိမ်းယူခဲ့ပြီးနောက်ပိုင်း)တွင် ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ ထို့အတူ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာလည်း ၂၀၂၁ ခုနှစ် ဧပြီ ပထမပတ်ကာလမှာပင် ၂၄ ဦး သေဆုံးခဲ့ရပြီး ထိုပမာဏသည် ၂၀၂၁ ခုနှစ် ပထမ လေးလပတ်အတွင်း အများဆုံးသေဆုံးရမှု ဖြစ်လာသည်။


ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)

တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားသောတိုက်ပွဲများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲစုစုပေါင်း ၆၉ ကြိမ်ထက်မနည်း ရှိခဲ့ပါသည်။ အများစုမှာ ကရင်ပြည်နယ်အတွင်းရှိ KNU နယ်မြေများ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ KNU ၏ သတင်းထုတ်ပြန်ချက်အား ကိုးကား၍ KIC သတင်းဌာနက ဖော်ပြခဲ့သော သတင်းတရပ်တွင် ‘စစ်အာဏာသိမ်းသည့် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ကေအဲန်ယူ သထုံခရိုင် (တပ်မဟာ ၁)၊ တောင်ငူခရိုင် (တပ်မဟာ ၂ )၊ ညောင်လေးပင်ခရိုင် ( တပ်မဟာ ၃)၊ ဘီတ်-ထားဝယ်ခရိုင်( တပ်မဟာ ၄)၊ မူတြော်ခရိုင်( တပ်မဟာ ၅)၊ ဒူးပလာယာခရိုင် (တပ်မဟာ ၆)နှင့် ဖာပွန်ခရိုင်(တပ်မဟာ ၇) နယ်မြေများတွင် စစ်ကောင်စီတပ်မှ ပိုမိုလှုပ်ရှားလာသည့်အတွက် နှစ်ဘက်ပစ်ခတ်မှု အကြိမ်ပေါင်း ၂၀၀ ကျော်ရှိသည်’ဟု ဖော်ပြထားသည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)

## တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

### ■ စစ်ပြေးဒုက္ခသည်အရေအတွက်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ
၂၀၂၁ ခုနှစ် ဇန်နဝါရီအထိရှိသော
အရေအတွက်

၃၆၇,၅၀၀+

စုစုပေါင်း

၃၉၉,၅၃၀+

၃၂,၀၃၀+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ
စစ်အာဏာသိမ်းပြီးနောက်
တိုးလာသည့်အရေအတွက်


တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ စစ်ဘေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီ ၇ ရက်အထိ စုစုပေါင်း ၃၉၉,၅၃၀ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၃၂,၀၃၀ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက် ဖြစ်သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)

တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ
(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကရင်ပြည်နယ်အတွင်း စစ်ပြေးဒုက္ခသည်အရေအတွက် ပိုများလာခဲ့သည်။ အထူးသဖြင့် မတ် ၂၇ ရက်က အာဏာသိမ်းစစ်ကောင်စီ၏ တပ်စခန်းတခုဖြစ်သော သီးမူထာစခန်းကို KNU တပ်မဟာ ၅ တပ်ဖွဲ့ဝင်များက တိုက်ခိုက်သိမ်းယူလိုက်ပြီးနောက် ထိုညမှာပင် စစ်ကောင်စီတပ်များက လေကြောင်းမှတဆင့် ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ တိုက်ခိုက်ပြီးနောက်မှာပင် ဒေသခံ ၂၀,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ၍ တောတောင်များအတွင်းသို့ ထွက်ပြေးပုန်းအောင်းခဲ့ကြရသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်က ကရင်ပြည်နယ်အတွင်း စစ်ပြေးဒုက္ခသည် ၃,၀၀၀ ခန့်သာ ရှိခဲ့ရာမှ ယခု ၃၀,၀၀၀ ကျော် တိုးလာသည့်အတွက် ဆယ်ဆကျော် တိုးလာခြင်းဖြစ်သည်။ ထို့အပြင် တပ်မဟာ ၅ နယ်မြေနှင့် ဆက်စပ် လျက်ရှိသော ထိုင်း-မြန်မာနယ်စပ်သို့လည်း ထွက်ပြေးတိမ်းရှောင်ရသူ ၃,၀၀၀ ကျော် ရှိလာခဲ့သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏
ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

**အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)**
တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ
(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကချင်ပြည်နယ်**

မတ် ၁၅ ရက်နှင့် ၁၇ ရက်တွင် အာဏာသိမ်းစစ်ကောင်စီနှင့် KIA တပ်များ ဝွေထော် ကျေးရွာနှင့် အနီးတဝိုက်ရွာများအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံ ပြည်သူ ၂၃၀ ကျော် စစ်ဘေးရှောင်ခဲ့ရသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်း**

ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၂၃ ရက်အကြား၊ ဧပြီ ၆ ရက်နှင့် ၇ ရက်နေ့များ၌ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သော အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသားလက်နက် ကိုင်များအကြား ဖြစ်ခဲ့သည့် တိုက်ပွဲများကြောင့်လည်းကောင်း၊ တိုင်းရင်းသား လက်နက် ကိုင်များအကြား အပြန်အလှန်ဖြစ်ခဲ့သည့် တိုက်ပွဲများကြောင့်လည်းကောင်း ဒေသခံ ပြည်သူ ၁,၈၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ကရင်ပြည်နယ်**

စစ်အာဏာသိမ်းခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း KNU တပ်မဟာ နယ်မြေများ အတွင်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သည်။ အထူးသဖြင့် မတ် ၂၇ ရက်က အာဏာသိမ်း စစ် ကောင်စီ၏ တပ်စခန်းတခုဖြစ်သော သီးမူထာစခန်းကို KNU တပ်မဟာ ၅ တပ်ဖွဲ့ဝင်များ က တိုက်ခိုက်သိမ်းယူလိုက်ပြီးနောက် ထိုညမှာပင် စစ်ကောင်စီတပ်များက လေကြောင်း မှတဆင့် ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲများကြောင့် KNU တပ်မဟာ နယ် မြေများအတွင်းရှိ ဒေသခံ ၃၀,၀၀၀ ကျော် စစ်ပြေးဒုက္ခသည်ဖြစ်ခဲ့ပြီး အများစုမှာ တော တောင်များအတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရကာ၊ ထိုင်း-မြန်မာနယ်စပ်သို့ တိမ်းရှောင်ခဲ့ရ သူ ၃,၀၀၀ ကျော် ရှိခဲ့သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၇)

## တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၈ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှု ၅၁ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၇၁ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက် ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး သေဆုံးခဲ့ပြီး မတ်တွင် ၁၆ ဦး သေဆုံးခဲ့ပါသည်။ ဧပြီ ၁ ရက်မှ ၇ ရက်အတွင်း သေဆုံးရသူ ၂၄ဦး ရှိခဲ့သည့်အတွက် ယခုတပတ်အတွင်း သေဆုံးရမှုမှာ အများဆုံး ဖြစ်ခဲ့သည်။ မတ် ၂၇ ရက်မှ ဧပြီ ၈ ရက်အတွင်း စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အရပ်သားအရေအတွက်မှာ ၂၀ ဦးကျော် ရှိခဲ့ပြီး ဒဏ်ရာရသူ ၂၇ ဦးကျော် ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီအထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၄၀ ဦးကျော်ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၀၉ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ် အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံးဖြိုခွင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ဧပြီ ၇ ရက်အတွင်း သေဆုံးရသူ ၆၁၄ ဦးကျော် ရှိလာခဲ့ပါသည်။




ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။